ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၁.၀၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ဆဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၂၀-၁၁-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ မွန်ပြည်နယ်သို့ ကွင်းဆင်းလေ့လာရေး သွားရောက်ရန်။ ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ရှမ်း နှစ်သစ်ကူးပွဲတော်တက်ရောက်ရန်။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ NRPC အစည်းအဝေးတက်ရောက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်ပခရီးစဉ်။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ ကျန်းမာရေး။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက် ရန်နှင့် ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး ဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေး အစား ဗိုလ်မှူးချုပ်တင့်လွင် အားလည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးမြင့်ဆွေ အစား ဗိုလ်မှူးကြီးအောင်လွင် အားလည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်အောင်ခင်ဇော် အစား ဗိုလ်မှူးကြီးထိန်လင်း အားလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ

ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်တင့်လွင် အစား ဗိုလ်ချုပ်ဝင်းသိန်း အားလည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကော်မတီများ တွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကော်မတီများတွင် အဖွဲ့ဝင် နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကမ်းနီကျေးရွာတွင်ရှိသော အခြေခံပညာအထက်တန်း ကျောင်း(ကမ်းနီ)ကို ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကမ်းနီကျေးရွာတွင်ရှိသော အခြေခံပညာအထက်တန်း ကျောင်း(ကမ်းနီ)ကို ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာအထက်တန်း ကျောင်း(ကမ်းနီ)ဟာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကမ်းနီကျေးရွာမှာ တည်ရှိပါတယ်။ အဆိုပါ အ.ထ.က(ကမ်းနီ)ဟာဆိုလို့ရှိရင် မြို့နယ်ရုံးစိုက်တဲ့ စာစစ်ဌာနရှိတဲ့ ငပုတောမြို့နှင့် ကုန်းမြေ တစ်ဆက်တည်း မရှိပါဘူး။ မရှိဘဲနဲ့ ရေလမ်းခရီးဖြင့်လည်း (၁၅)မိုင်ခန့် ကွာဝေးပါတယ်။ စက်လှေနဲ့ သွားရတဲ့အတွက်ကြောင့် ယခင်နှစ်များကလည်း လှိုင်းဒဏ်၊ လေဒဏ်နဲ့ စက်လှေဝမ်းပေါက်တဲ့အန္တရာယ် များလည်း ကြုံတွေ့ခဲ့ရဖူးပါတယ်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကမ်းနီကျေးရွာနဲ့ အ.ထ.က(ခွဲ) (စဥ်းအိုးဘို)တို့မှ ကျောင်းသား၊ ကျောင်းသူ(၂၂၄)ဦးနဲ့ ပြင်ပဖြေဆိုသူပါရင် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ(၃ဝဝ)နီးပါးက နှစ်စဥ် စာစစ်ဌာနရှိတဲ့ ငပုတောမြို့နယ်ကို ရေလမ်းခရီးဖြင့် သွားလာပြီးတော့ ဖြေဆိုနေရပါတယ်။ အဲဒီလို ဖြေဆိုနေရတဲ့အတွက်ကြောင့်လည်း ကျောင်းသား၊ ကျောင်းသူများနဲ့ မိဘများ၊ ဆရာ၊ ဆရာမများ တည်းခိုတဲ့အခါမှာလည်း နေရာအခက်အခဲများ၊ စားမှု၊ လာမှု၊ သွားမှု စရိတ်စက ကြီးမြင့်တဲ့ အခက်အခဲများလည်း ကြုံတွေ့နေရပါတယ်။ တက္ကသိုလ်စာမေးပွဲ သွားရောက်ဖြေဆိုရတဲ့ ကုန်ကျ စရိတ်ကလည်းဆိုရင် ကျောင်းသား၊ ကျောင်းသူ အားလုံးပေါင်းမှာဆိုလို့ရှိရင် နှစ်စဥ် သိန်း(၇ဝ)ခန့်ထိ ကုန်ကျလျက်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့လည်း တစ်နယ်တစ်ကျေးကို သွားရောက် ပြီးတော့ စာမေးပွဲဖြေဆိုရတဲ့အတွက် စားသောက်နေထိုင်မှုအကျပ်အတည်းနဲ့ စာမေးပွဲဖြေဆိုရာမှာလည်း များစွာ ပညာရေးကို ထိခိုက်လျက်ရှိပါတယ်။

အ.ထ.က(ကမ်းနီ)ဟာဆိုလို့ရှိရင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ဖွင့်လှစ်ရန်အတွက် လည်း ကျောင်းဆောင်များအနေနဲ့ တင်ပြရလို့ရှိရင် (၁၄ဝx၃ဝ)ပေ အဆောင်(၄)ဆောင်၊ (၆ဝx၃ဝ)ပေ ကျောင်းဆောင်(၂)ဆောင်၊ (၁၂ဝ x ၄ဝ)ပေ ကျောင်းဆောင်(၁)ဆောင်ရှိပြီးတော့ ပရိဘောဂများလည်း ပြည့်စုံလုံလောက်စွာ ရှိပါတယ်။ ၂ဝ၁၅၊ ၂ဝ၁၆၊ ၂ဝ၁၇ ခုနှစ်များမှာ အဋ္ဌမတန်း စာသင်နှစ်အဖြစ် အသုံးပြုလျက်လည်း ရှိပါတယ်။ စတုတ္ထတန်းနဲ့ အဋ္ဌမတန်း စာစစ်ဌာနအဖြစ် လက်ခံကျင်းပရာတွင် လည်း စာဖြေဆိုသူ(၄၅ဝ)ကျော်တို့ကို လက်ခံကျင်းပပေးလျက်ရှိတဲ့အတွက်ကြောင့် စာဖြေဆိုသူ များပြားလာပါကလည်း ကျောင်းအနေနဲ့ လက်ခံကျင်းပနိုင်တဲ့အနေအထား ရှိပါတယ်။ နောက်တစ်ခုက စာမေးပွဲဖြေဆိုတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေးအတွက်လည်း ကျန်းမာရေးဌာန တွေရှိပါတယ်။ မေးခွန်းတိုက်ကိုလည်း ရဲကင်းစခန်းဝင်းထဲမှာ ဆောက်လုပ်ထားပြီးဖြစ်တဲ့အတွက်ကြောင့် မေးခွန်းတိုက် လုံခြုံရေးအတွက်လည်း စိတ်ချရတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒေသအတွက် အဓိကလိုအပ်တဲ့ စာစစ်ဌာနချပေးရန်လည်း များစွာ သင့်လျော်မှုရှိပါတယ်။ ကမ်းနီကျေးရွာသည် တမံချောင်း၊ ကွင်းချောင်း၊ စဥ်းအိုးဘို၊ လေးလောင်း၊ ဂုံညှင်းတန်းကျေးရွာအုပ်စုများနဲ့ တစ်ဆက်တည်း တည်ရှိပြီး ကျေးရွာခွဲပေါင်း(၂၀)ကျော်ဖြင့် လူဦးရေနှစ်သောင်းခွဲပတ်လည်ခန့် နေထိုင်တဲ့ဒေသကြီးတစ်ခု ဖြစ်ပါတယ်။ လက်ရှိမှာလည်း ကမ်းနီ အထက်တန်းကျောင်းအနီးမှာ ပတ်ဝန်းကျင်မှာဆိုလို့ရှိရင် အထက်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)(၃)ကျောင်း၊ မူလတန်း(လွန်)(၂)ကျောင်း၊ မူလတန်းကျောင်း(၁၀)ကျောင်းခန့်နဲ့ အနာဂတ်လူငယ်များရဲ့ပညာရေးကို သင်ကြားပေးလျက်ရှိတဲ့အတွက်ကြောင့် နောင်ကာလမှာလည်း ကျောင်းသားအင်အားများစွာ တိုးလာနိုင်တဲ့အခြေအနေကောင်းများလည်း ရှိပါတယ်။

သို့ပါသောကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကမ်းနီကျေးရွာတွင်ရှိသော အခြေခံပညာအထက်တန်းကျောင်း(ကမ်းနီ)အား ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်း၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သစ်ပြင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ကအီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းက ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သစ်ပြင်အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ကအီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွက် တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးတွင် နိုင်ငံတော်အနေဖြင့် မူလတန်းမှစပြီး အခြေခံပညာအထက်တန်းကျောင်းအထိ အခမဲ့ပညာသင်ကြားခွင့် ပေးထားပါတယ်။ ဒါပေမယ့်လည်း တချို့သော ဒေသများတွင် ဒီကနေ့အချိန်အထိ အခြေခံအဆောက်အအုံဖြစ်တဲ့ စာသင်ဆောင်များ၊ ကျောင်းသားမိဘတွေနဲ့ ရွာသူ၊ ရွာသားတွေက စိုက်ထုတ်ငွေဖြင့် ဆောက်လုပ်ပြီး ပညာသင်ကြားနေရတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ယခု ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ မာန်အောင်မြို့နယ်မှ သစ်ပြင်ကျေးရွာနဲ့ ကအီးကျေးရွာများမှာလည်း စာသင်ဆောင် မလုံလောက်

သဖြင့် ကျောင်းသားမိဘများ စိုက်ထုတ်ငွေဖြင့် ဆောက်လုပ်ပြီး ပညာသင်ကြားနေရပါတယ်။ ဒီလို အခြေအနေတွေကြောင့် နဂိုကမှ ဖွံ့ဖြိုးရေးနောက်ကျပြီး ဆင်းရဲတဲ့ ပြည်နယ်တစ်ခုမှာ ကျောင်းသား မိဘတွေအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်းမလုံလောက်တဲ့အတွက် ရှိတဲ့အခန်းလေး ထဲမှာပဲ ကျပ်သိပ်ပြီး ပညာသင်ကြားနေရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူများ စာတတ်မြောက်မှု မှာလည်း နှေးကွေးပြီး ထိရောက်မှုမရှိသလို သင်ကြားတဲ့ ဆရာ၊ ဆရာမတွေအတွက်လည်း အခက်အခဲ ဖြစ်စေပါတယ်။ အဆိုပါ ကျောင်း(၂)ကျောင်းမှာ KG တန်းမှ (၈)တန်းအထိ ရှိနေတဲ့အတွက် တန်းခွဲ များပြီး စာသင်ခန်းများ မလုံလောက်တဲ့အတွက် ကျပ်သိပ်ပြီး စာသင်ကြားနေရပါတယ်။ ဒါကြောင့် သစ်ပြင်ကျေးရွာအတွက် (၉၀ x ၃၀)ပေ RC တစ်ထပ်ကျောင်းဆောင်နဲ့ ကအီးကျေးရွာအတွက် (၁၅၀ x ၃၀)ပေ RC တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်စီကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကျောင်းသားမိဘများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အခြေခံပညာဦးစီးဌာနမှ နေ့စားလပေး ဆရာ၊ ဆရာမများကို ဆရာဖြစ်သင်တန်းပေးပြီး တစ်ပါတည်း အတည်ခန့် (Permanent)ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က အခြေခံပညာဦးစီးဌာနမှ နေ့စားလပေး ဆရာ၊ ဆရာမများကို ဆရာဖြစ်သင်တန်းပေးပြီး တစ်ပါတည်း အတည်ခန့် (Permanent)ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းကြပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာ ဦးစီးဌာနရှိ နေ့စားလပေး ဆရာ၊ ဆရာမများ ခန့်ထားရာတွင် အထူးသဖြင့် ရပ်ဝေးမြို့နယ်များတွင် တာဝန်ကျသည့် ဝန်ထမ်းများသည်၊ ဥပမာအားဖြင့် ချင်းပြည်နယ်တွင် မင်းတပ်မြို့နယ်မှ ပလက်ဝ မြို့နယ်သို့ တာဝန်ကျသည့် ဝန်ထမ်းများသည် ကားတစ်တန်၊ ရေတစ်တန်၊ ခြေလျင်တစ်တန်ဖြင့် ခရီး သွားနေကြရသဖြင့် ငွေကြေး သိန်းဂဏန်း ကုန်ကျပါသည်။

သို့ဖြစ်၍ ခရီးစရိတ်ကို ငွေတိုးချေးပြီး တာဝန်ကျရာသို့ တာဝန်ထမ်းဆောင်ကြရာ ကျရာ ဒေသမှာလည်း လခမလောက်သဖြင့် အတိုးနစ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဒါ့အပြင် သင်တန်း အတွေ့အကြုံမရှိသဖြင့် အစိမ်းသတ်သတ် သင်ကြားနေကြသဖြင့် သင်ကြားရေးထိရောက်မှု မရှိသည့် အပြင် ကျောင်းသူ၊ ကျောင်းသားများအတွက်လည်း အကျိုးသက်ရောက်မှု နည်းပါးသည်ကို တွေ့ရှိရ ပါသည်။ ထို့ကြောင့် နေ့စားလပေး လျှောက်လွှာများကို ဖေဖော်ဝါရီလတွင် ခေါ်ယူကာ မတ်လတွင်

အပြီးစိစစ်ပြီး ဧပြီလလယ်မှ မေလလယ်အထိ ဆရာဖြစ်သင်တန်းပေးပါက ကျောင်းဖွင့်ရက် ဇွန်လ(၁)ရက် အမီ အတည်ခန့် (Permanent) ခန့်ထားနိုင်မည်ဖြစ်ပါသည်။ ဆရာ၊ ဆရာမများလည်းပဲ ဆရာဖြစ် သင်တန်းဆင်းပြီးဖြစ်သဖြင့် Teaching method methodology သင်ကြားနည်းစနစ်၊ နည်းပညာ သိရှိပြီးဖြစ်သဖြင့် သင်ကြားရေးထိရောက်ပြီး ကလေးများအတွက်လည်း အကျိုးရှိမည်ဖြစ်သည့်အပြင် လခလည်း အတည်ခန့်ဖြစ်၍ လစာပြည့် ရကြမည်ဖြစ်ပါသည်။

ထို့ကြောင့် ဆရာ၊ ဆရာမများအတွက် ငွေရေးကြေးရေး အနေဖြင့်လည်းကောင်း ခက်ခဲမှု နည်းပါးသည့်အပြင် သင်ကြားရေးထိရောက်မှုရှိသည် ဖြစ်သည့်အတွက် ထိုသို့ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ချင်းပြည်နယ်ရှိ "ကလေးတက္ကသိုလ်" ကို "ခိုင်ကမ်းတက္ကသိုလ်"ဟု အမည်ပြောင်းလဲ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် က ချင်းပြည်နယ်ရှိ "ကလေးတက္ကသိုလ်" ကို "ခိုင်ကမ်း တက္ကသိုလ်"ဟု အမည်ပြောင်းလဲ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ ရှိပါစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့မှာရှိတဲ့ ကလေးတက္ကသိုလ်ကို ခိုင်ကမ်း တက္ကသိုလ်အဖြစ် ပြောင်းလဲပေးရန် တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်ချက်ကိုကြည့်ရင် ချင်းပြည်နယ်ဟာ နှစ်တိုင်း နှစ်တိုင်း အောင်ချက်အနည်းဆုံး ပြည်နယ်ဖြစ်ပါတယ်။ တက္ကသိုလ်၊ ကောလိပ် မရှိသေးတဲ့ အတွက် အထောက်အကူကိုလည်း မရရှိတဲ့အတွက် (၁၉၉၀)ပြည့်နှစ် နောက်ပိုင်းမှာ တက္ကသိုလ်၊ ကောလိပ်မရှိတဲ့ ပြည်နယ်ဟာ ချင်းပြည်နယ်တစ်ခုသာ ရှိတဲ့အတွက် နိုင်ငံတော်အစိုးရကနေ ချင်းပြည်နယ်မှာ ကောလိပ်တစ်ခု ဖွင့်လှစ်ပေးရန် လျာထားသတ်မှတ်ပေးခဲ့ပါတယ်။ တီးတိန်မြို့နယ်၊ ခိုင်ကမ်းရွာမှာ ချင်းပြည်နယ် ကောလိပ်ကို ဆောက်လုပ်ပေးခဲ့ပါတယ်။ ခိုင်ကမ်းရွာဟာ စစ်ကိုင်းတိုင်း၊ ကလေးမြို့မှ (၉)မိုင်အကွာ ချင်းပြည်နယ် တောင်ခြေမှာ တည်ရှိပြီး နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ကိုခိုင်ကမ်း ကို အမှတ်ရစေရန် တည်ထောင်ခဲ့သောရွာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ကောလိပ် ဆောက်လုပ်ရေးလုပ်ငန်းအားလုံး ပြီးစီးသွားတဲ့ အခါမှာတော့ ချင်းပြည်နယ်ကောလိပ်ဟာ ကလေးကောလိပ် ဖြစ်သွားခဲ့ပါတယ်။ အကြောင်းပြချက် ကတော့ အဲဒီတုန်းက ခိုင်ကမ်းဟာ ခိုင်ကမ်းရွာဖြစ်ပြီး မြို့မရသေးတဲ့အတွက် ကောလိပ် မသတ်မှတ်

နိုင်ဘူးလို့ အကြောင်းပြချက်တော့ ပေးခဲ့ပါတယ်။ ဒါပေမဲ့ ကောလိပ် မဆောက်ခင်ကတည်းက အဲဒီ အကြောင်းအရာတွေက သိပြီးသားတွေ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကလေးကောလိပ်ဟာ အဆင့်တိုးပြီးမှ အခု ကလေးတက္ကသိုလ် ဖြစ်လာခဲ့ပါတယ်။ လာမယ့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှာ ကလေး တက္ကသိုလ်ရဲ့ (၂၅)နှစ်မြောက် ငွေရတုသဘင်ပွဲလည်း ကျင်းပမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ကောလိပ်ကျောင်း ဧရိယာဟာ ဧကအားဖြင့် (၃၀၈.၅၆) ဧက ကျယ်ဝန်းခဲ့ပါတယ်။ ကလေးကောလိပ် အမည်ပြောင်းပြီးမှ ကလေးမြို့နယ်ကနေ (၇၆.၄၄)ဧက ထပ်တိုးတဲ့အခါမှာ အခု ကလေးတက္ကသိုလ် ကျောင်းဝင်းဟာ ဧကပေါင်း(၃၈၅)ဧက ကျယ်ဝန်းခဲ့ ပါတယ်။ ကလေးကောလိပ် စဖွင့်တုန်းက ဝန်ထမ်းလစာများကို ချင်းပြည်နယ်ဘဏ်မှ ရေးဆွဲပေးပို့ ခဲ့ပါတယ်။ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများပေါ်မှာလည်းပဲ ချင်းပြည်နယ်ကောလိပ်ဆိုပြီးမှ စာတမ်းရေးထိုးထားတာ ယနေ့တိုင် တွေ့ရှိနိုင်ပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ခိုင်ကမ်းရွာဟာ ခိုင်ကမ်းမြို့ အဆင့်တိုး ရရှိပြီးဖြစ်တဲ့အတွက် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့မှာ တည်ထောင်ထားတဲ့ "ကလေးတက္ကသိုလ်" ကို "ခိုင်ကမ်း တက္ကသိုလ်" အဖြစ် အမည်ပြောင်းလဲသတ်မှတ်ပေးရန် တင်ပြတောင်းဆိုအပ်ပါတယ်။ နိုင်ငံတော်မှ လိုက်လျောပေးနိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက် (အော်တို)ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ပေး က ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက် (အော်တို)ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံးမင်္ဂလာပါ။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွန်ပေး ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်(အော်တို)ရပ်ကွက်တွင်ရှိသော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ၁၉၈၁ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် မူလတန်း(လွန်)ကျောင်းအဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် အလယ်တန်းကျောင်း(ခွဲ)အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အလယ်တန်း ကျောင်းအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ မေလတွင် အထက်တန်းကျောင်း(ခွဲ)အဖြစ်သို့လည်းကောင်း

အဆင့်ဆင့် တိုးမြှင့်ခြင်းခံရပါတယ်။ အကြောင်းအရင်းမှာ မြို့၏လူဦးရေ အထူထပ်ဆုံးသောနေရာတွင် တည်ရှိပြီး ကျေးရွာနေပြည်သူ၊ ပြည်သားများ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး မြို့ထက်လွန်စွာ နိမ့်ကျခြင်းကြောင့် မြို့သို့တက်လာကြကာ ကျောင်းသားဦးရေ လျင်မြန်စွာတိုးတက်ခြင်း၊ ၎င်းကျောင်း၏ တည်နေရာဒေသအရ သွားလာရေးလွယ်ကူခြင်းတို့ကြောင့် ကျောင်းသားဦးရေ များပြားလာပြီး ယခုကဲ့သို့ ကျောင်းအဆင့်တွေတိုးနေရခြင်း ဖြစ်ပါတယ်။ ယခုလည်းပဲ ကျောင်းအဆင့်မတိုးလို့ မရနိုင်တဲ့ အခြေအနေတွေ ဖြစ်နေပါပြီ။ ဥပမာ (၉)တန်း ကျောင်းသား၊ ကျောင်းသူများသည် (၁၇၄)ယောက်ရှိပြီး၊ (၁၀)တန်း ကျောင်းသူ၊ ကျောင်းသားများက (၁၂၁)ယောက်ရှိကြပါတယ်။ ကျောင်း၏ ကျောင်းသားစုစုပေါင်းစာရင်းမှာ(၁၁၆၇)ယောက်ရှိပါတယ်။ ထို့ကြောင့် ချင်းပြည်နယ်၏ ယခု လူဦးရေအခြေအနေအရ များတယ်လို့ ဆိုရပါမယ်။ ထို့ကြောင့် ယခုကဲ့သို့ ကျောင်းအဆင့် တိုးမြှင့်ပေးရန် တောင်းခံနေရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့် လေးစားစွာ ပန်ကြားအပ်ပါတယ်။ အဲဒါ စာသင်ကျောင်းဖြစ်ပါတယ်။ အဲဒါ အခန်းတွေ၊ ယာယီဆောင်တွေဖြစ်ပါတယ်။ အဲဒါ တည်ဆောက်ဆဲအဆောင်ဖြစ်ပါတယ်။ ယာယီကျောင်းဆောင်တွေပေါ့။ အဲဒါ ဆရာ၊ ဆရာမအခန်း ဖြစ်ပါတယ်။ အဲဒါ (၉)တန်း ကျောင်းသူ၊ ကျောင်းသားတွေရဲ့အခန်း ဖြစ်ပါတယ်။ အဲဒါ ကျောင်းရဲ့ အဝင်/အထွက်ကလမ်းတွေ၊ ကျောင်းရဲ့ပတ်ဝန်းကျင် ရပါပြီ။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် မေးမြန်းတောင်းဆိုရခြင်းမှာ Power Point မှာ မြင်ထားတဲ့အတိုင်း ဟားခါး၏ ကြမ်းတမ်းသော ရာသီဥတုရဲ့အခြေအနေတွင် အမိုးမလုံ၊ အကာမကောင်း၊ ဆရာ၊ ဆရာမများ မလုံလောက်မှု၊ အခန်းများသည်လည်း ရုပ်မမြင်၊ အသံကြား အနေအထား စသည်တို့ကြောင့် ပညာရေးတိုးတက်ဖို့ မလွယ်ပါ။ ချင်းပြည်နယ်ရှိ ချင်းကျောင်းသားများ၊ ကျောင်းသူများသည် ကျန်တဲ့ တိုင်းနဲ့ပြည်နယ်က ကျောင်းသူ၊ ကျောင်းသားများထက် အရည်အချင်း မပြည့်ရခြင်းများတွင် ဤအချက်သည်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါတယ်။ ထို့ကြောင့် အဆိုပါ ဈေးသစ်(အော်တို)ကျောင်းကို အထက်တန်းကျောင်းတစ်ကျောင်း၏ အင်္ဂါရပ်နဲ့ညီညွတ်သော ကျောင်းအဆင့်သို့ တိုးမြှင့်မည်ဆိုပါက နိုင်ငံ၏ အနာဂတ်ကြယ်ပွင့်များဖြစ်ကြကုန်သော ကျောင်းသူ၊ ကျောင်းသားများအတွက် အထူးပင် အကျိုးပြုမှာဖြစ်ပြီး ပညာရေးတွင် အလွန်နောက်ကျနေသော ချင်းလူမျိုးများ အနာဂတ်လှပဖို့ မျှော်လင့်ခြင်းရောင်နီသန်းမှာ အမှန်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားများ၏ပညာရေး ထိရောက်စွာ မြှင့်တင်နိုင်ဖို့အလို့ငှာ ဖြေလျှော့သင့်တာတွေကို ဖြေလျှော့ပေးပြီး ဟားခါးမြို့၊ ဈေးသစ်(အော်တို)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတွင် အစီအစဉ် ရှိ/မရှိ ရိုသေလေးစားစွာ မေးမြန်းတောင်းခံအပ်ပါသည်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

စာသင်ခန်း၏ မြင်ကွင်းပုံ (ရ)



ဆရာ/ဆရာမများ နားနေဆောင် မြင်ကွင်းပုံ (ရ-၁)



နဝမတန်း မြင်ကွင်းပုံ (ရ-၂)



**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ဧရာဝတီတိုင်းဒေသကြီး အမှတ် (၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုးမိုး ရဲ့ မေးခွန်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကမ်းနီကျေးရွာတွင်ရှိသော အခြေခံပညာအထက်တန်းကျောင်း(ကမ်းနီ) အား ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဦးစွာ ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကမ်းနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဟာဆိုရင် ၂၀၁၇ ခုနှစ်အတွက် တက္ကသိုလ်ဝင်စာစစ်ဌာနအသစ် လျှောက်ထားတဲ့ (၁၃၆)ကျောင်းစာရင်းမှာ ပါဝင်ခဲ့သော်လည်း စာစစ်ဌာနအသစ် ဖွင့်လှစ်ခွင့် မရရှိသေးပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ငပုတောမြို့နယ်၊ ကမ်းနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား (၂၁၈)ဦးသာရှိပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို ငပုတော အခြေခံပညာအထက်တန်းကျောင်းနဲ့ ရွှေမြကွင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့မှာရှိတဲ့ စာစစ်ဌာနများကို သွားရောက်ဖြေဆိုခဲ့ရပါကြောင်း တွေ့ရှိရပါတယ်။

ယခုနှစ်မှာ ကမ်းနီကျေးရွာကို စာစစ်ဌာနအဆင့် တိုးမြှင့်နိုင်မှု ရှိ/မရှိ စိစစ်တဲ့အခါမှာ အဓိကအားဖြင့် ဒီကမ်းနီကျေးရွာမှာ လှုပ်ရှားရဲကင်းအဆင့်သာ ဆောင်ရွက်နိုင်သေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်တစ်ခု ဖွင့်လှစ်ဖို့ရာမှာ အဓိကအခြေခံအချက်အားဖြင့် သက်ဆိုင်ရာ အခြေစိုက်နယ်မြေရဲစခန်းရှိရပါမယ်။ သတ်မှတ်ရဲအင်အား အပြည့်လုံခြုံရေးယူနိုင်မှုရှိရပါမယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုထောက်ခံတင်ပြချက် ရှိရပါမယ်။ ရဲစခန်းအတွင်းမှာ အထူးသဖြင့် ဘဏ်တိုက်အဆင့်၊ ငွေတိုက်အဆင့် လုံခြုံမှုရှိသော မီးခံတိုက် (Vault) ရှိရန် အထူးလိုအပ်ပါတယ်။ ဒီအတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေနဲ့ ယခုနှစ်အတွက် ကမ်းနီကျေးရွာမှာ စာစစ်ဌာနအသစ် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်သန်း ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သစ်ပြင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ကအီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များအတွက် တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်အတွက် ယခုဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း(၁၇၉၀)ခွဲဝေပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ သစ်ပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ (၆၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် (၁)ဆောင်ရှိပြီး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၁၄၆)ဦး ပညာသင်ကြားနေတာ စိစစ်တွေ့ရှိရပါတယ်။ ကအီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာတော့ (၆၀x၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်သာရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေအနေနဲ့ စုစုပေါင်း(၁၇၁)ဦး ပညာသင်ကြားလျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခုရေးဆွဲနေတဲ့ ဘဏ္ဍာရေးနှစ်(၆)လစာအတွက်မှာတော့၊ ဦးစားပေးအဆင့်မှာတော့ ပါရှိခြင်း မရှိသေးပါဘူး။ ဆက်လက်ရေးဆွဲမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမာန်လောမောင်း ရဲ့ မေးခွန်းဖြစ်သော အခြေခံပညာဦးစီးဌာနမှ နေ့စားလပေး

ဆရာ၊ ဆရာမများကို ဆရာဖြစ်သင်တန်းပေးပြီး တစ်ပါတည်း အတည်ခန့် (Permanent)ခန့်ထား ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းတွေမှာ လိုအပ်လျက်ရှိတဲ့ ဆရာ၊ ဆရာမတွေကို ပညာရေးတက္ကသိုလ်က B.Ed ပညာရေးဘွဲ့ရများ၊ ပညာရေးကောလိပ်များက လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်း DTEd နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း PPTT သင်တန်းဆင်းတွေကို နှစ်စဉ်လိုအပ်ချက်အရ ဖြည့်ဆည်းခန့်ထား ပေးလျက်ရှိပါတယ်။ အဲဒီလို ဖြည့်ဆည်းပေးခြင်းဖြင့် ထပ်မံလိုအပ်တဲ့အခါမှာ ဆရာ၊ ဆရာမတွေကို နေ့စားလပေး (မူလတန်းပြ)များအဖြစ် သတ်မှတ်စည်းကမ်းများနှင့်အညီခေါ်ယူပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ အစီအစဉ်ဖြင့် ရွေးချယ်ခန့်ထားခဲ့ပါတယ်။ သူတို့ကို နွေရာသီ ကျောင်းပိတ်ရက်မှာ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်း ရက်(၃၀)သင်တန်းပေးပြီးမှ မူလတန်းပြအဖြစ် အတည်ပြုခန့်ထားပါတယ်။ ဒီလို မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်း တက်ရောက်ပြီးသူတွေကို မူလတန်းဆရာအတတ်သင် စာပေးစာယူသင်တန်း(၁)နှစ် ထပ်မံတက်ရောက် စေပြီးမှ မူလတန်းဆရာအတတ်သင်လက်မှတ် ပေးအပ်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့အတိုင်း ဖေဖော်ဝါရီလမှာ လျှောက်လွှာများခေါ်ယူ၊ မတ်လမှာ စစ်ဆေး၊ ဧပြီလလယ်မှ မေလလယ်ထိ ဆရာဖြစ်သင်တန်းပေးပြီး ဇွန်လ ကျောင်းဖွင့်ရက် အမီခန့်ထားရန် ကိစ္စကတော့ ၎င်းနေ့စားလပေး (မူလတန်းပြ)ဆရာ၊ ဆရာမများ ခေါ်ယူခန့်ထားခြင်း အတွက် လိုအပ်တဲ့ဘဏ္ဍာငွေကို လျာထားပါတယ်။ ဘဏ္ဍာငွေ လျာထားရာမှာလည်း တစ်နှစ်ကြိုတင် လျာထားတဲ့အတွက် ဒီ ချက်ချင်း (Permanent)အဖြစ် ခန့်ထားရန် မဆောင်ရွက်နိုင်ဘဲ နေ့စားလပေး ဦးစွာဆောင်ရွက်ပြီးမှ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပြီးလျှင် (Permanent)အဖြစ် ဆက်လက်ခန့်ထား နိုင်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ဆက်လက်၍ ချင်းပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျင့်ခန့်ပေါင် ရဲ့ မေးခွန်းဖြစ်သော ချင်းပြည်နယ်ရှိ "ကလေး တက္ကသိုလ်" ကို "ခိုင်ကမ်းတက္ကသိုလ်"ဟု အမည်ပြောင်းလဲ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကလေးတက္ကသိုလ်ဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေး မြို့နယ်နှင့် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့နှင့် နယ်မြေချင်း ဆက်စပ်လျက်ရှိပါတယ်။ ယခင်က ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှာ ကလေးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီကာလကတည်းက ကျွန်တော်တို့ ပထမဦးဆုံး ကလေးကောလိပ်ရဲ့ ပထမဆုံး ကျောင်းအုပ်ကြီးဖြစ်တဲ့ ဆရာကြီး ဦးသန်းလှိုင် ကိုယ်တိုင်က ဒီကောလိပ်ကို ချင်းတိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ် ဗိုလ်ခိုင်ကမ်း၏ အမည်ကိုအစွဲပြုပြီး ခိုင်ကမ်းကောလိပ်အဖြစ် သတ်မှတ်ခေါ်ယူသင့်ကြောင်း တင်ပြခဲ့ပါတယ်။

သို့သော်လည်း စတင်တည်ထောင်ကတည်းက ကလေးကောလိပ်အဖြစ်သာ သတ်မှတ်ခေါ်ဝေါ်သုံးစွဲခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှာ ကလေးကောလိပ်ကို ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ၂၀၀၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှာတော့ ကလေးတက္ကသိုလ်အဖြစ်အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ ရွှေနှစ်မှာ (၂၅)နှစ်ငွေရတုအချိန်ကာလအထိ သက်တမ်းရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီလက်ရှိမှာ ကလေးတက္ကသိုလ်အနေနဲ့ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီကို စနစ်တကျဖွဲ့စည်းထားပြီး ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပွဲတော် အခမ်းအနားများ၊ ချင်းအမျိုးသားနေ့ အခမ်းအနားများ နှစ်စဉ် ကျင်းပလျက်ရှိပါတယ်။

ကလေးတက္ကသိုလ်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကလေးဝမြို့နယ်နှင့်တမူးမြို့နယ်များရှိ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်သင်ကြားနေတဲ့နည်းတူ ချင်းပြည်နယ်၊ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံမြို့နယ်များမှ ကျောင်းသူ၊ ကျောင်းသားများလည်းတက်ရောက် ပညာသင်ယူလျက်ရှိပါတယ်။ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်းချင်းပြည်နယ်အတွက် ဟားခါးကောလိပ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့တဲ့ ဟားခါးမြို့နယ်၊ ဖလမ်းမြို့နယ်၊ ထန်တလန်မြို့နယ်က ကျောင်းသူ၊ ကျောင်းသားတွေကဟားခါးကောလိပ်မှာပဲ ပညာသင်ကြားခွင့် ရရှိခဲ့ပါတယ်။

ကလေးတက္ကသိုလ်ဟာဆိုရင် လက်ရှိအခြေအနေ မုခ်ဦးနှင့်အဝင်လမ်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်မှာတည်ရှိပြီး ကျောင်းဝင်းအတွင်း အချို့သော အဆောက်အအုံများသည် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်မှာ တည်ရှိပါတယ်။ ကလေးတက္ကသိုလ်မှာ မြန်မာတိုင်းရင်းသားတွေရော၊ ချင်းတိုင်းရင်းသားတွေပါ တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းသူ၊ ကျောင်းသားပေါင်း(၆၈၅၀)ဦး၊ ဆရာ၊ ဆရာမပေါင်း(၂၁၇)ဦးနှင့် ပညာသင်ကြားရေးနှင့် အုပ်ချုပ်မှုကိစ္စတွေကိုတော့စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်မှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ကလေးတက္ကသိုလ်ရှိ ဆရာ၊ ဆရာမတွေအတွက် လစာနှင့်စရိတ်များကိုလည်းကလေးခရိုင်၊ ကလေးမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကလေးတက္ကသိုလ်အား ခိုင်ကမ်းတက္ကသိုလ်အဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းရာမှာ ချင်းပြည်နယ်အစိုးရအနေနဲ့ချင်းပြည်နယ်မှာ ယခုအချိန်အထိ တက္ကသိုလ်မရှိသေးတဲ့အတွက် ချင်းပြည်နယ်အတွင်းရှိ လူငယ်များ၏ပညာရေးကို ထောက်ရှုပေးခြင်းအားဖြင့် ကလေးတက္ကသိုလ်ကို ခိုင်ကမ်းတက္ကသိုလ်အဖြစ် ပြောင်းလဲပေးပြီး ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုအောက်တွင် ထားရှိပါကြောင်း ပေါင်းစပ် ဖြေကြားထားတာတွေ့ရှိရပါတယ်။

ထို့နည်းတူစွာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းရာမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကလေးတက္ကသိုလ်၏ အမည်နာမသည် မည်သို့ပင် သတ်မှတ်စေသည်ဖြစ်စေ လတ်တလောအခြေအနေမှာ ထိုတက္ကသိုလ်ရဲ့ အုပ်ချုပ်မှုကိစ္စ၊ ထောက်ပံ့မှုကိစ္စအားလုံးကို

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဌာနများက ဆောင်ရွက်ပေးနိုင်ပါတယ်။ ဒီတက္ကသိုလ်ရဲ့ အုပ်ချုပ်မှု ကိစ္စအဝဝကို ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည်ဆိုပါကလည်း တက္ကသိုလ်ကျောင်းရှိ ဆရာ၊ ဆရာမများရဲ့ သဘောထား၊ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများရဲ့ သဘောထားများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ ငွေရတုအချိန်အထိ ကောလိပ်အဆင့်မှ တက္ကသိုလ်အဆင့်အထိ အဆင့်ဆင့် ဖွင့်လှစ်လာခဲ့တဲ့ ကလေးတက္ကသိုလ်ကို ခိုင်ကမ်းတက္ကသိုလ်ဟု အမည်ပြောင်းလဲရေးသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ချင်းပြည်နယ် အစိုးရ အဖွဲ့တို့ ကြီးကြပ်ပေါင်းစပ် ညှိနှိုင်းဆွေးနွေးမှုအပြင် ဒေသခံပြည်သူများ၏ သဘောထား၊ ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများ၏ သဘောထားများအပေါ်မူတည်ပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးငွန်ပေး ၏ မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက် (အော်တို) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီးရဲ့ ဟားခါး မဲဆန္ဒနယ်အတွင်းမှာ ယခုနှစ်အတွင်း အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၄)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၁၀)ကျောင်း တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်း (Sanction) အဖြစ် တိုးမြှင့်ရရှိရန် မူအားဖြင့် ထက်ဆင့်သင်ကျောင်းသား(၂၀၀)ရှိရန်လိုအပ်ခြင်း၊ ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနဲ့ (၁၀)မိုင်ဝေးရန် လိုအပ်ခြင်းတို့ ဒါ လိုအပ်ပါတယ်။ ဟားခါးမြို့၊ ဈေးသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ကိုယ်စားလှယ်တော်ကြီး တင်ပြသကဲ့သို့ အထက်တန်း အဆင့်သင် ကျောင်းသား၊ ကျောင်းသူပေါင်း(၂၉၃)ဦး ဒါ လက်ရှိအားဖြင့် ပညာသင်ကြားနေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (အော်တို)ကို ကျွန်တော်တို့ လာမယ့် ၂၀၁၈-၂၀၁၉ မှာ ကျောင်းအဆင့် တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေးလိုက်ပါ။ မိုက်ပေးလိုက်ပါ။

**ဦးစိုးမိုး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ခုနကတုန်းက ပညာရေး ဝန်ကြီး ဖြေကြားသွားတဲ့အထဲမှာ စာစစ်ဌာနအဖြစ် မပေးတာက အခြေစိုက်ရဲစခန်းပေါ့။ အခြေစိုက် ရဲစခန်း မရှိလို့ဆိုပြီး ဖြေကြားသွားတယ်။ ဒါပေမယ့်လို့ ကျွန်တော် ပညာရေးဝန်ကြီးဌာနရဲ့ စာရင်းတွေ

အရ ကြည့်တဲ့အခါမှာ ယာယီရဲကင်းနဲ့ပေးထားတာတွေ အများကြီးရှိသလို၊ အုပ်ချုပ်ရေးမှူးရုံး ရှိရုံနဲ့တင် ပေးထားတဲ့စာစစ်ဌာနတွေ အများကြီးရှိပါတယ်။ ဒါတွေကို ကျွန်တော် အချိန်ကိုင်ငဲ့ကွက်သောအားဖြင့် မတင်ပြတော့ပါဘူး။ အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းရဲ့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဆိုတာကလည်း ငြိမ်းချမ်းတဲ့ဒေသပါ။ ဘာပြဿနာမှ မရှိတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီးတို့အနေနဲ့ ဒီလိုမျိုး ယာယီရဲကင်းပဲရှိလို့ဆိုတဲ့ ငြင်းပယ်ချက်က ယေဘုယျဆန်လွန်း အားကြီးပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဧရာဝတီတိုင်းဟာဆိုလို့ရှိရင် ပညာရေးညွှန်းကိန်း အရဆိုရင်လည်း----

**ဥက္ကဋ္ဌ**။ ။ လိုရင်း၊ လိုရင်းပဲမေးလိုက်။ မဖြေရှင်းနဲ့။

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဟုတ်ကဲ့ပါ။ ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ အထက်မှာရှိမနေပါဘူး။ အောက်တန်းမှာရှိနေပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ဒီ ယာယီရဲကင်းတစ်ခုတည်း၊ ယာယီရဲကင်းသာရှိလို့ စာစစ်ဌာနကို မပေးဘူးဆိုတဲ့ဟာကို ပြန်လည်ပြင်ဆင်ပြီးတော့၊ လေ့လာပြီးတော့ ကျွန်တော်တို့ အခု ၂၀၁၈ ခုနှစ်၊ စာစစ်ကာလအမီမှာ ကျွန်တော်တို့ ကမ်းနီ အထက်တန်းကျောင်းကို စာစစ်ဌာနအဖြစ် ဖွင့်လှစ်ပေးဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်း အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေနိုင်လား။ ဖြေနိုင်ရင် ဖြေပေးပါ။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြ သကဲ့သို့ ကျွန်တော်တို့ ဒီစာစစ်ဌာနဆောင်ရွက်ရာမှာ ကျွန်တော် ခုနတင်ပြချက်မှာပါတဲ့ အဓိက (၂)ချက်သည် အခြေစိုက်ရဲစခန်း လိုအပ်ပါတယ်။ သတ်မှတ်ရဲအင်အား လိုအပ်ပါတယ်။ နောက် ငွေတိုက် အဆင့် ဒီမေးခွန်းသိမ်းဆည်းရန် (Vault) လိုအပ်ပါတယ်။ ဒီ (၃)ချက်က အဓိကဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ပါမယ်။ (၁) ဒါ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့သဘောထား၊ (၂) ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားနဲ့ ဒါ ဆက်စပ်ညှိနှိုင်းပြီး လုံခြုံရေးအပြည့်အဝရရှိမယ်၊ ငွေတိုက်အဆင့် ရှိမယ်ဆိုရင်တော့ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ပါ ကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက် ၂၀-၇-၂၀၁၇ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက် ၂၇-၇-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁ - ၁၁ - ၂၀၁၇ ရက်နေ့(အင်္ဂါနေ့) ညနေ ၁၆း၀၀ နာရီထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက် ၂၇-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဋ္ဌမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက် ၁၆-၈-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၁၁-၂၀၁၇ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ စာရင်းအင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ စာရင်းအင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁/၂၀၁၇ - ၅၉၁
ရက်စွဲ ၊ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ပြည်သူ့လွှတ်တော်က စာရင်းအင်းဥပဒေကြမ်းကို ၂၅-၁၀-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ၈-၁၁-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၀-၁၁-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ကျိုးကြောင်းဆီလျော်မှုရှိပြီးဖြစ်ခြင်း၊ လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာရင်းအင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး က အကြံပြုဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးသော လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းသာ ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့

သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးဝင်းအောင် (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ ပြည်သားများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ၊ ငြိမ်းချမ်းပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီးတော့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ တင်သွင်းမေးမြန်းခဲ့တဲ့ အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို တင်သွင်းမှာဖြစ်ပြီးတော့ လိုအပ်တဲ့နေရာများမှာ Power Point များ အသုံးပြုခွင့် ပေးပါရန် တစ်ပါတည်း တောင်းခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်**
**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**
**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့်အစီရင်ခံစာ**

စာအမှတ်၊ ၂/ အမ (ဥပဒ) /၆(၀၂၂)/အာမကတိ/၂၀၁၇ - ၀၇၁
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်

**နိဒါန်း**

၁။ အမျိုးသားလွှတ်တော်ရဲ့ အမြဲတမ်းကော်မတီဖြစ်တဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆ နှင့် ၉၇ တို့အရ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးမှာ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းခဲ့တဲ့ မေးခွန်းများနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများက ဝန်ကြီးများရဲ့ ပြန်လည်ဖြေကြားချက်များအပေါ် အာမခံချက်၊ ကတိပြုချက်များကို စိစစ်ပြီးတော့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၀၀ အရ အမျိုးသားလွှတ်တော်သို့ အစီရင်ခံစာပြုစုပြီးတော့ တင်သွင်းခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးမှာ တင်သွင်းမေးမြန်းခဲ့တဲ့ အဆိုများ၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအဆင့်

အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဖြေကြားချက်များအရ ကတိဖြစ်ပေါ်ခဲ့မှုအခြေအနေတွေကို ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ တင်ပြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများက မိမိတို့ရဲ့ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ပေးနိုင်ရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၃။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အဆို(၅)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၂၃၅)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၂၀၉)ခု၊ စုစုပေါင်း (၄၄၉)ခု မေးမြန်းခဲ့ပါတယ်။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့တဲ့ အဆိုများ၊ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်းပြီးတော့ ကတိဖြစ်ပေါ်မှု စိစစ်နိုင်ရေးအတွက် ကော်မတီအနေနဲ့ ကော်မတီအဖွဲ့ဝင်တွေကို အဖွဲ့(၆)ဖွဲ့ခွဲပြီးတော့ ဝန်ကြီးဌာနအလိုက် စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီဟာ (၁၁)လပိုင်း (၆)ရက် (၇)ရက်မှာ ကော်မတီဝင်များနှင့် အစည်းအဝေးပြုလုပ်ပြီးတော့ မေးခွန်းများကို ကတိဖြစ်၊ မဖြစ် စိစစ်ခဲ့ပါတယ်။ ကော်မတီရဲ့စိစစ်ချက်အရ ကတိဖြစ်ပေါ်ခဲ့တဲ့ အဆိုများ၊ မေးခွန်းများနဲ့ ပတ်သက်ပြီးတော့ (၁၁)လပိုင်း (၉)ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးဌာန(၁၂)ခုမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၁၀-၁၁-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးဌာန(၇)ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် (၁၂)ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါတယ်။

၄။ ပဉ္စမပုံမှန်အစည်းအဝေးမှာ အဆို(၅)ခု တင်သွင်းခဲ့ရာမှာ အဆို(၄)ခု အတည်ပြုခဲ့ပြီးတော့၊ အဆို(၁)ခုကို မှတ်တမ်းတင်ခဲ့ပါတယ်။

| စဉ် | ဝန်ကြီးဌာန | အဆိုပေါင်း | အတည် | | မှတ်တမ်းတင် | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ပြု | မပြု | | |
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၂ | ၂ | - | - | |
| ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၁ | ၁ | - | - | |
| ၃ | ပညာရေးဝန်ကြီးဌာန | ၁ | ၁ | - | - | |
| ၄ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၁ | - | - | ၁ | |
| | **စုစုပေါင်း** | **၅** | **၄** | **-** | **၁** | |

၅။ အတည်ပြုတဲ့ အဆိုများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(က)နဲ့ ဖော်ပြထားပါတယ်။

၆။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၂၃၅)ခု အနက် (၁၄၇)ခု ကတိဖြစ်ပေါ်ခဲ့ပြီးတော့၊ မေးခွန်း(၈၈)ခု ကတိမဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရ ပါတယ်။ ဇယားမှာ ကြည့်ရှုနိုင်ပါတယ်။

| စဉ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၈ | ၁၂ | ၁၂ | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၅ | ၁ | ၁ | |
| ၃ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၁၁ | ၄ | ၄ | |
| ၄ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | ၁ | - | |
| ၅ | သာသနာရေးဝန်ကြီးဌာန | ၂ | - | ၂ | |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန | ၂၉ | ၁၁ | ၁၈ | |
| ၇ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၅ | ၁၀ | ၅ | |
| ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန | ၁၁ | ၁၀ | ၁ | |
| ၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၁၀ | ၈ | ၂ | |
| ၁၀ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန | ၇ | ၃ | ၄ | |
| ၁၁ | စက်မှုဝန်ကြီးဌာန | ၃ | ၂ | ၁ | |
| ၁၂ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန | ၁ | ၁ | - | |
| ၁၃ | ပညာရေးဝန်ကြီးဌာန | ၃၂ | ၂၀ | ၁၂ | |
| ၁၄ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၃၃ | ၂၅ | ၈ | |

| စဥ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁၅ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၉ | ၂ | ၇ | |
| ၁၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂၁ | ၁၆ | ၅ | |
| ၁၇ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၈ | အမျိုးသားလွှတ်တော် | ၁ | - | ၁ | |
| ၁၉ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | ၁ | - | |
| ၂၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၃ | - | ၃ | |
| ၂၁ | နေပြည်တော်ကောင်စီ | ၃ | ၂ | ၁ | |
| ၂၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂ | ၂ | - | |
| ၂၃ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၁၆ | ၁၆ | - | |
| | **စုစုပေါင်း** | **၂၃၅** | **၁၄၇** | **၈၈** | |

၇။ ကတိဖြစ်ပေါ်ခဲ့တဲ့ မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ခ) အနေနဲ့ ဖော်ပြထားပါတယ်။

၈။ ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်မပြမေးခွန်း(၂၀၉)ခုအနက် မေးခွန်း(၁၁၉)ခု ကတိဖြစ်ပေါ်ခဲ့ပြီးတော့၊ မေးခွန်း(၉၀)ခု ကတိမဖြစ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

| စဥ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၁၄ | ၅ | ၉ | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၅ | ၂ | ၃ | |
| ၃ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၉ | ၅ | ၄ | |
| ၄ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | - | ၁ | |

| စဉ် | ဝန်ကြီးဌာန | မေးခွန်းပေါင်း | ကတိ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဖြစ် | မဖြစ် | |
| ၅ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၃၉ | ၆ | ၃၃ | |
| ၆ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၃ | ၃ | - | |
| ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၆ | ၃ | ၃ | |
| ၈ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၆ | ၅ | ၁ | |
| ၉ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၂ | - | ၂ | |
| ၁၀ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ | - | ၁ | |
| ၁၁ | ပညာရေးဝန်ကြီးဌာန | ၄၁ | ၂၈ | ၁၃ | |
| ၁၂ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၂၆ | ၂၁ | ၅ | |
| ၁၃ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၃ | ၁ | ၂ | |
| ၁၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၄ | ၄ | - | |
| ၁၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၂ | ၂ | - | |
| ၁၆ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၁ | - | ၁ | |
| ၁၇ | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ၄၆ | ၃၄ | ၁၂ | |
| | **စုစုပေါင်း** | **၂၀၉** | **၁၁၉** | **၉၀** | |

၉။ ကတိဖြစ်ပေါ်ခဲ့တဲ့ ဖြေကြားချက်များနဲ့ အကျဉ်းချုပ်များကို နောက်ဆက်တွဲ(ဂ)နဲ့ ဖော်ပြထားပါတယ်။

၁၀။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်မှ ပဉ္စမပုံမှန်အထိ အစည်းအဝေး(၅)ကြိမ်အတွင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ

အနက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအလိုက် ကတိဖြစ်ပေါ်ခဲ့မှုပေါင်းမှာ ဇယားပါအတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။

| စဉ် | ဒုတိယအကြိမ်၊ ပုံမှန် အစည်းအဝေး | ကြယ်ပွင့်ပြ | | | ကြယ်ပွင့်မပြ | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | အတည်ပြု | အတည်မပြု | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | - | ၁ | ၁ | |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | - | - | - | |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | - | ၁ | |
| ၅ | ပဉ္စမပုံမှန် | ၁၄၇ | ၈၈ | ၂၃၅ | ၁၁၉ | ၉၀ | ၂၀၉ | ၄ | ၁ | ၅ | |
| | **စုစုပေါင်း** | **၃၆၂** | **၂၄၇** | **၆၀၉** | **၂၇၅** | **၂၂၄** | **၄၉၉** | **၆** | **၄** | **၁၀** | |

မေးခွန်းပေါင်း(၁၁၀၈)ခုရှိပြီးတော့ ကတိဖြစ်ခဲ့တာ (၆၃၇)ခုရှိတာကို ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။

၁၁။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအနေဖြင့် ပထမပုံမှန်မှ စတုတ္ထပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သော မေးခွန်းများ အပေါ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်လျက်ရှိမှုတို့နှင့် စပ်လျဉ်းပြီး တော့ ၁၅-၈-၂၀၁၇ ရက်နေ့ကနေပြီးတော့ ၁၇-၈-၂၀၁၇ ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီးကို ကျွန်တော်တို့ ကွင်းဆင်းလေ့လာခဲ့ပါတယ်။

၁၂။ ၁၅-၈-၂၀၁၇ ရက်နေ့မှာ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့နယ် အစရှိတဲ့ မြို့နယ်ပေါင်း(၆)ခုကို ကွင်းဆင်း ပြီးတော့ စိစစ်ခဲ့ပါတယ်။

၁၆-၈-၂၀၁၇ ရက်နေ့မှာ ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နယ်၊ ရွှေတောင်မြို့နယ်၊ သဲကုန်း မြို့နယ်၊ ပြည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်ဆိုပြီးတော့ မြို့နယ်ပေါင်း(၆)ခုကို ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ ဇယားမှာ တွေ့ရှိနိုင်ပါတယ်။

**ကော်မတီ၏စိစစ်တွေ့ရှိချက်များ**

၁၃။ ကော်မတီရဲ့ စိစစ်တွေ့ရှိချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ စာမျက်နှာ(၇) ကနေ စာမျက်နှာ(၁၄)အထိ ကြည့်ရှုနိုင်ပါတယ်။ လွှတ်တော်ရဲ့ တန်ဖိုးကြီးမားလှတဲ့ အချိန်များကို အလေးထားတဲ့အနေနဲ့ ဒါကိုတော့ ကျွန်တော် ဖတ်ကြားခြင်း မပြုတော့ဘဲနဲ့ သုံးသပ်အကြံပြုချက်ကိုပဲ ဖတ်ကြားပြမှာ ဖြစ်ပါတယ်။

**သုံးသပ်အကြံပြုချက်**

၁၄။ ပဲခူးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းစိစစ်ခဲ့သော ဆောင်ရွက်ချက်များအား အောက်ပါအတိုင်း သုံးသပ်အကြံပြုတင်ပြအပ်ပါသည် -

(က) ပန်းပဲချောင်း - စည်းခုံကြီးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရေကျော်နေရာများတွင် Box Culvert များ ထည့်သွင်းတည်ဆောက် ဆောင်ရွက်သင့်ပါသည်။ ရေဝပ်သောနေရာများတွင် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဖောက်လုပ်ထားရန် လိုအပ်ပါသည်။

(ခ) ဥယျာဉ်တော်ကျေးရွာအုပ်စု၊ သာစည်ကုန်ထုတ်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ လမ်းပိုင်း အခြေအနေကောင်းမွန်သော်လည်း အချို့နေရာများတွင် လမ်းပခုံးများမပါရှိပါသဖြင့် လမ်းပခုံးများ ထည့်သွင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဂ) ထန်းတပင် - အုန်းပင် - မြို့စိုး - သံလျက်စွန်း လမ်းပိုင်းသည် အရှည်(၂၆)မိုင် ရှည်လျားပြီး လမ်းပိုင်းမှာ ကောင်းမွန်ခြင်းမရှိသဖြင့် သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီများမှ ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဃ) ပဲနွယ်ကုန်း - ကြိမ်ခါးကုန်း - အင်ကုန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရန်ကုန် - မန္တလေးလမ်းမကြီးမှအဝင် (၇)ဖာလုံခန့်ရှိလမ်းသည် အဆိုပါလမ်းကို ဆက်သွယ်ထားရာ လမ်းပိုင်းကောင်းမွန်မှုမရှိပါသဖြင့် ၎င်းလမ်း (၇)ဖာလုံခန့်ကို တစ်ဆက်တည်း ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(င) အေးရွာ - ဝဂ်ဘော် - နဘဲပင် - ကြာအင်းကြီးလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ လမ်းဘေးဝဲ/ယာများတွင် အရိပ်ကျခြင်းကြောင့် မိုးရွာသွန်းမှုများပါက လမ်းမှာစိုစွတ်ပြီး ယာဉ်များဖြတ်သန်းသွားလာပါက ဗွက်တန်းအချို့နှင့် ချိုင့်ခွက်များ ဖြစ်ပေါ်နေသောကြောင့် ၎င်းနေရာများတွင် အမာခံကျောက်များဖြင့် ဖြည့်စွက်ခြင်း၊ တံတားအတက်/အဆင်းနေရာများအား လမ်းနှင့်တစ်ပြေးညီဖြစ်အောင်

ပြန်လည်ပြုပြင်ခြင်း၊ သက်ဆိုင်ရာကုမ္ပဏီနှင့် ညှိနှိုင်း၍ ပြန်လည်ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

(စ) လှပခြင်းရေတံခါးမြောင်း(၅၀၀)ပေ ကာရံခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ တူးမြောင်းဘေးဝဲ/ယာများတွင် လူနေအိမ်ခြေများ ရှိနေပါသဖြင့် ၎င်းတူးမြောင်းဘေး ဝဲ/ယာတွင် ရေယိုစိမ့်မှုမရှိအောင် မြေသားများ သိပ်သည်းစွာဖို့ပေးရန် လိုအပ်ပါသည်။ ဘေးဝဲ/ယာချောင်းများတွင် အမှိုက်များ စည်းကမ်းမဲ့ပစ်ထားခြင်း တွေ့ရှိရပါသဖြင့် အမှိုက်များရှင်းလင်းရန် လိုအပ်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဆ) အင်းမမြို့ တိုက်နယ်ဆေးရုံတွင် လိုအပ်သော ဝန်ထမ်းအိမ်ရာများကို ဘဏ္ဍာငွေရရှိမှု အခြေအနေအပေါ် မူတည်၍ နှစ်အလိုက် ဦးစားပေး တည်ဆောက်ပေးရန်လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဇ) ပြည်မြို့နယ်အတွင်းရှိ တောင်ကုန်းကွန်ကရစ်တံတားသည် တံတားကောင်းမွန်မှုရှိသော်လည်း ဒေသခံပြည်သူများ၏ လိုလားချက်မှာ တံတားနှင့် ဆက်စပ်လမ်းအားယခုထက်ပိုမိုကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ပေးရန် ဆန္ဒရှိကြောင်း သိရှိရပြီးလမ်းပိုင်းအခြေအနေကိုပါ ပြုပြင်ဆောင်ရွက်ပေးနိုင်ပါက ပိုမိုကောင်းမွန်ပြီး ဒေသခံပြည်သူများ၏ လိုအင်ဆန္ဒများကိုလည်း ဖြည့်ဆည်းပေးရာ ရောက်မည်ဖြစ်သဖြင့်ဆောင်ရွက်ပေးသင့်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၁၅။ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်လုပ်ငန်း(၁၄)ခုနှင့် ကျန်းမာရေး၊ အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်လုပ်ငန်း(၁)ခု စုစုပေါင်းလုပ်ငန်း(၁၅)ခုအား ကွင်းဆင်းစိစစ်ခဲ့ပါသည်။ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အောက်ပါအတိုင်းခြုံငုံသုံးသပ်တင်ပြအပ်ပါသည် -

(က) ကျေးလက်လမ်းတံတားများ တည်ဆောက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးရွာလမ်းတံတား ဖြစ်မြောက်ရေးကော်မတီများ ပူးပေါင်း၍လုပ်ငန်းစတင်ချိန်ကတည်းမှစ၍ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ခ) အချို့လုပ်ငန်းစဉ်များသည် လာရောက်စစ်ဆေးသည့်အဖွဲ့များ လာသည့် အချိန်နီးမှအလျင်အမြန် လုပ်ငန်းများ ဆောင်ရွက်ထားရှိသည်ကို စိစစ်တွေ့ရှိရသဖြင့် အလားတူကိစ္စရပ်များ မဖြစ်စေရေးအတွက် ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဂ) ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာ ကိုယ်စားလှယ်များမှလည်း မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဃ) ကွင်းဆင်းစိစစ်တွေ့ရှိချက်များအား ဝန်ကြီးဌာနများမှ လိုအပ်သည်များကို ပြီးစီးအောင် ဆောင်ရွက်ပြီးပါက ကော်မတီမှ ပြန်လည်စိစစ်ပြီး ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁၆။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန်အစည်းအဝေးအား ၁၈-၅-၂၀၁၇ ရက်နေ့မှ ၃၁-၈-၂၀၁၇ ရက်နေ့အထိ ရက်ပေါင်း (၅၃)ရက်ကျင်းပခဲ့ပြီး အဆို(၅)ခုနှင့် မေးခွန်း(၄၄၄)ခု မေးမြန်းနိုင်ခဲ့သဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် သက်တမ်းရင့်လာသည်နှင့်အမျှ မိမိတို့မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များကို စိတ်ဝင်တစား ပိုမိုဆောင်ရွက်လာနိုင်ပြီး လွှတ်တော်၏ အခန်းကဏ္ဍ ရုပ်လုံးပေါ်၍ ပေါ်လွင်လာသည်ဟု သုံးသပ်ရရှိပါသည်။

၁၇။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများအား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ကတိပြုပြီးမှ ကတိအတိုင်း သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် အပြီးဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကတိဖြစ်ပေါ်ခဲ့ပြီးသည့် လုပ်ငန်းကိစ္စရပ်များကိုလည်း လွှတ်တော်က အတတ်နိုင်ဆုံး ဘတ်ဂျက်ဖြတ်တောက်မှု မရှိစေရန်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

၁၈။ ကော်မတီအနေဖြင့်လည်း ကတိဖြစ်ပေါ်သည့် မေးခွန်းများနှင့်ပတ်သက်၍ သတ်မှတ်သည့် ကာလအတွင်း အကောင်အထည်ဖော်မှု ရှိ/မရှိ၊ စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှု ရှိ/မရှိ၊ အမှန်တကယ်ပြီးစီးမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ပထမပုံမှန်မှ ပဉ္စမပုံမှန်အစည်းအဝေးအထိ အတည်ပြုအဆို(၆)ခု၊ ကတိဖြစ်ပေါ်သည့် ကြယ်ပွင့်ပြမေးခွန်း(၃၆၂)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၂၇၅)ခု၊ စုစုပေါင်း(၆၄၃)ခုအနက် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လစဉ်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာများအရ (၇၅)ရာခိုင်နှုန်းကျော်နှင့် (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သော လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လုပ်ငန်းပြီးစီး၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးရန် ကော်မတီသို့ တင်ပြလာပါက မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြန်လည် ညှိနှိုင်းအစည်းအဝေးပြုလုပ်၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## နိဂုံး

၁၉။ အချုပ်အားဖြင့် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများအကြား ပြည်သူများ၏ကိုယ်စား လွှတ်တော်တွင် ဆွေးနွေးခဲ့သည့် ပြည်သူ့ဆန္ဒသဘောထားများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိန်းညှိပေးသည့် ကော်မတီဖြစ်ပါသည်။ ကော်မတီ၏ လုပ်ငန်းများအောင်မြင်မှုသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ပံ့ပိုးကူညီမှုအပေါ် များစွာ မူတည်နေပါသဖြင့် ကိုယ်စားလှယ်များ၏ အကြံပြုချက်များအား အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ဖိတ်ခေါ်တင်ပြအပ်ပါသည်။

၂၀။ ကော်မတီမှ ကတိကဝတ် ဖြစ်ပေါ်ပြီးသော လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းစိစစ်ခြင်းအပေါ် သက်ဆိုင်ရာ နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်များမှလည်း မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ကော်မတီနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါက ယခုထက်ပိုမို၍ လုပ်ငန်းများ အဆင်ပြေချောမွေ့ အောင်မြင်မည်ဖြစ်ပါသည်။

၂၁။ ကော်မတီအနေဖြင့်လည်း ရရှိလာသော အချက်အလက်များကို အခြေခံ၍ လိုအပ်သော နေရာဒေသများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခြင်းဖြင့် စစ်ဆေးတွေ့ရှိချက်များကို လွှတ်တော်သို့ မှန်မှန်ကန်ကန် တင်ပြပေးမည်ဖြစ်ပါကြောင်းနှင့် ကတိကဝတ် ပျက်ကွက်မှုများရှိပါကလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ဆက်လက်တင်ပြသွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

ပထမပုံမှန်မှ စတုတ္ထပုံမှန်အထိ ကတိဖြစ်ပေါ်မှု ပေါင်းချုပ် ပြဇယားပုံ (လ)

**ပထမပုံမှန်မှ စတုတ္ထပုံမှန်အထိ ကတိဖြစ်ပေါ်မှုပေါင်းချုပ်**

| စဉ် | ဒုတိယအကြိမ်၏ ပုံမှန်အစည်းအဝေးများ | ကြယ်ပွင့်ပြ | | | ကြယ်ပွင့်မပြ | | | အဆို | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | ကတိဖြစ် | ကတိမဖြစ် | ပေါင်း | အတည်ပြု | အတည်မပြု | ပေါင်း | |
| ၁ | ပထမပုံမှန် | ၂၃ | ၁၀ | ၃၃ | ၁၄ | ၁၂ | ၂၆ | - | ၁ | ၁ | |
| ၂ | ဒုတိယပုံမှန် | ၈၈ | ၅၉ | ၁၄၇ | ၃၄ | ၃၈ | ၇၂ | ၁ | ၂ | ၃ | |
| ၃ | တတိယပုံမှန် | ၅၄ | ၅၀ | ၁၀၄ | ၃၂ | ၃၀ | ၆၂ | - | - | - | |
| ၄ | စတုတ္ထပုံမှန် | ၅၀ | ၄၀ | ၉၀ | ၇၆ | ၅၄ | ၁၃၀ | ၁ | - | ၁ | |
| ၅ | ပဉ္စမပုံမှန် | ၁၄၇ | ၈၈ | ၂၃၅ | ၁၁၉ | ၉၀ | ၂၀၉ | ၄ | ၁ | ၅ | |
| | စုစုပေါင်း | ၃၆၂ | ၂၄၇ | ၆၀၉ | ၂၇၅ | ၂၂၄ | ၄၉၉ | ၆ | ၄ | ၁၀ | |

ပြည်ခရိုင်၊ ပြည်မြို့နယ်၊ တောင်ကုန်းကွန်ကရစ်တံတားအား စိစစ်လေ့လာခြင်း မြင်ကွင်းပုံ (လ-၁)



ပြည်ခရိုင်၊ မော်ဇာ-ဈေးရပ်-ဆင်မြီးဆွဲလမ်း၊ ကျောက်ချောလမ်းအားစိစစ်လေ့လာခြင်း မြင်ကွင်းပုံ (လ-၂)



**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ညနေ(၁၆း၀၀)နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ Chevening Alumni Association က ပြုလုပ်မယ့် Democratic Governance Debate Workshop ကို ယခု အစည်းအဝေးပြီးဆုံးတာနဲ့ (J)ဆောင် ထမင်းစားခန်းမမှာ နေ့လယ်စာ သုံးဆောင်ရင်း စတင်ကျင်းပ ပြုလုပ်မှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး မစတင်မီ အစည်းအဝေး တက်ရောက်ရန် အတွက် Workshop ကို ခေတ္တရပ်နားမှာဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပြီးဆုံးချိန်မှာ Workshop ကို ပြန်လည်ပြုလုပ်သွားမှာဖြစ်ကြောင်း အသိပေး တင်ပြအပ်ပါတယ်။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]